dsinfo.org

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

## (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်)

## (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အား ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ် ခဲ့ပါသည်။ ၎င်းအစည်းအဝေးအပါအဝင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် အစည်း အဝေးများမှ ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း ၃ ပိုင်း၊ သဘောတူညီချက်စုစုပေါင်း ၅၄ ချက် ရရှိခဲ့ပါသည်။ ၎င်းသဘော တူညီချက်များနှင့် ကျန်ရှိသည့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အချက်များအား ဆက်လက်ဆွေးနွေးရန်ဖြစ်သော်လည်း COVID-19 ကပ် ရောဂါဖြစ်ပွားခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန် ဆောင်ရွက်လျက်ရှိခြင်းများကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ များအား ဆက်လက်ဆောင်ရွက်ရန် အခိုက်အတန့်အားဖြင့် ရပ်ဆိုင်းသကဲ့သို့ ဖြစ်ခဲ့သည်။

၂။ ယခုအချိန်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ခြင်း၊ COVID – 19 ကပ်ရောဂါ နှင့်ပတ်သက်၍

dsinfo.org



အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခြင်း၊ နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာလည်း မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ခြင်းတို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးရန် ဆက်လက်ဆွေးနွေးနေဆဲဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အမြန်ဆုံးဆက်လက်ဆွေးနွေးရန် လိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ လိုအပ်၍တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရန်ရှိလာပါက ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် | အဖွဲ့ဝင် |
| (င) | ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | အတွင်းရေးမှူး |

၄။ ၎င်းတပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လမ်းကြောင်းအတိုင်း NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ NCA လက်မှတ်မရေးထိုးရသေး

dsinfo.org



သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား NCA လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးခြင်းနှင့် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိလိုအပ်သည်များအား ဆွေးနွေးသွားရန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး